Government of Western Australia
Child and Adolescent Health Service

Perth Children's Hospital

# ဒါ သွေးအဆိပ်တက်ခြင်း ဖြစ်နိုင်သလား။

**အကယ်၍ သင့်ကလေးသည် ဖော်ပြပါ ရောဂါလက္ခဏာများထဲမှ တစ်ခုခုရှိနေပါက သူသည် အလွန်မမာမကျန်းဖြစ်နေပြီး သွေးအဆိပ်တက်ခြင်း ဖြစ်ကောင်း ဖြစ်နေနိုင်ပါသည်။**



အသက်ရှူမြန်ခြင်း၊ အသက်ရှူရန် ခဲယဉ်းစွာ ကြိုးစားနေရခြင်း၊ သို့မဟုတ် အသက်ရှူချိန် တစ်ကြိမ်နှင့်တစ်ကြိမ်ကြားတွင် ရပ်တန့်ချိန် ကြာမြင့်ခြင်း



အရေပြားသည် အေးစက်နေခြင်း သို့မဟုတ် ကွက်ကြားကွက်ကြား ဖြစ်နေခြင်း၊ အရောင်ဖျော့နေခြင်း၊ နီရဲနေခြင်း သို့မဟုတ် အရောင်ပြောင်းနေခြင်း



ဖိလိုက်သည့်အခါ လျော့မသွားသည့် အဖုအပိန့် သို့မဟုတ် ပွန်းပဲ့ဒဏ်ရာလေးများစွာ ရှိသလို ဖြစ်နေခြင်း




အိပ်ချင်မူးတူးဖြစ်နေခြင်း၊ ဇဝေဇဝါဖြစ်နေခြင်း၊ နိုးရခက်နေခြင်း



ဂဏာမငြိမ်ဖြစ်နေခြင်း၊ သို့မဟုတ် ခြေလက်အင်္ဂါများ အားပျော့နေခြင်း




လမ်းမလျှောက်နိုင်ခြင်း၊ သို့မဟုတ် လမ်းလျှောက်လိုစိတ် မရှိခြင်း



တက်ခြင်း သို့မဟုတ် အကြောဆွဲခြင်း



ပြင်းပြင်းထန်ထန် ခေါင်းကိုက်ခဲခြင်း – – ဇက်၊ ကြွက်သား၊ ရင်ဘတ်၊ ခြေဆံလက်ဆံ သို့မဟုတ် အဆစ်အမြစ်များ ကိုက်ခဲနေခြင်း



အရည်များသောက်ရန် သို့မဟုတ် မြိုချရန် ခက်နေခြင်း၊ ဆီးသွားနည်းခြင်း သို့မဟုတ် လဲပေးရသောနက်ပီ လျော့နည်းသွားခြင်း



**အကယ်၍ သင့်ကလေးမှာ သွေးအဆိပ်တက်ခြင်း ဖြစ်နေသည်ဟု သံသယရှိပါက -**

- သင့် ကုသနေကျ ဆရာဝန် သို့မဟုတ် အရေးပေါ် ဆေးခန်းသို့ သွားပါ
- သင်နှင့်အနီးဆုံးဆေးရုံ၏ အရေးပေါ်လူနာဌာနသို့ သွားပါ
- 000 ကို ဖုန်းဆက်ပါ

**ကျွန်ုပ်တို့က သင့်အား ဂရုစိုက် နားထောင်ပါမည်**

သင့်ကလေးအကြောင်းကို သင်အသိဆုံးဖြစ်သည်။ အကယ်၍ သင်သည် ဆေးရုံတွင်ရှိနေပြီး သင့်ကလေး အခြေအနေ ပိုဆိုးလာသည်ဟု ယူဆပါက ဆရာဝန် သို့မဟုတ် သူနာပြုကို □ **သွေးအဆိပ်တက်ခြင်း ဖြစ်နိုင်သလား** □ ဟုမေးမြန်းပါ။